# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၁.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြ ပါမယ်။

ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ အေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဇနီးကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်းပြည်နယ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ) က နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၊ ဥက္ကဋ္ဌ တာဝန်ယူထားသူလည်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နဲ့ ဒုတိယအဆင့် ချီးမြှင့်ခံရသူများ၏ လစဉ်ချီးမြှင့်ငွေအား တိုးမြှင့်ခံစားခွင့် ပြုပါရန်ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က ချီးမြှင့်တဲ့ နိုင်ငံ့ဂုဏ်ရည် ချီးမြှင့်လစာငွေများအား တိုးမြှင့် ခံစားခွင့်ပြုပါရန် ဗိုလ်မှူးချစ်မောင်(ငြိမ်း)ကြည်း - ၃၅၅၆၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်နှင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့် ရရှိခဲ့သူမှ ၂၃-၆-၂၀၁၃ ရက်စွဲဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီသို့ တင်ပြလျှောက်ထားလာခဲ့ပါတယ်။ တင်ပြလာတဲ့ အကြောင်းအရာအကျဉ်းချုပ်ကတော့ ၎င်းသည် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့် ၄-၁-၁၉၈၆ နှင့် လွတ်လပ်ရေး မော်ကွန်းဝင်ပထမဆင့် ရရှိထားသူဖြစ်ပြီး၊ ယခုအခါ အသက်(၉၄)နှစ် ပြည့်မြောက်ခဲ့ ပြီးနောက် ဘဝ၏ နောက်ဆုံးအချိန်များကို ခက်ခဲစွာ ဖြတ်ကျော်နေရသူ ဖြစ်ပါကြောင်း၊ အရွယ်လွန် ချိန်တိုင် ရိုးသားစွာဖြတ်သန်းနေရသူ အဖိုးအိုတစ်ဦး၏ အသနားခံချက်များကို အလေးထားစဉ်းစား ပေးနိုင်ပါရန် လေးစားစွာတင်ပြခြင်း ဖြစ်ပါကြောင်း၊ ၎င်းသည် ၁၉၄၂ ခုနှစ်၊ မင်္ဂလာဒုံဗိုလ်သင်တန်း ကျောင်း၌ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) က ဖွင့်လှစ်သည့် ဗိုလ်သင်တန်းအမှတ်စဉ်(၂)မှ တက်ရောက်ခဲ့ကာ ၎င်းမှ ဂျပန်နိုင်ငံသို့ စစ်ပညာသင်စေလွှတ်ရန် (ကော့ ကူ ဆေး ဆု ခူ တိုက်) (ခေါ်) လူ(၄၀)အထူးတပ်စု ရွေးချယ်ရာတွင်လည်း ပါဝင်ခဲ့ကာ ဂျပန်ပြန်တစ်ဦးလည်း ဖြစ်ပါကြောင်း၊ ၎င်းမှ ဒုတိယ ကမ္ဘာစစ်ပြီး၍ မြန်မာနိုင်ငံသို့ ပြန်ရောက်ချိန်တွင် အမြောက်တပ်၌ အရာရှိအဖြစ် ခန့်ထားခံခဲ့ရ ပါကြောင်း၊ ၎င်းနောက် သနက(၆)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကာ တပ်ခွဲမှူးတာဝန်ယူရင်း ၁၉၄၉ ခုနှစ်၊ နိုင်ငံကျော် သာစည်တိုက်ပွဲတွင် ဦးဆောင်တိုက်ပွဲဝင်ခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းလုံး က အောင်သာစည်ချစ်မောင် ဟု အမည်ပေး ခေါ်ဝေါ်ခံခဲ့ရသူလည်း ဖြစ်ပါကြောင်း၊ ၎င်းအနေဖြင့် ခက်ခဲကြမ်းတမ်း ပင်ပန်းကြီးစွာ အသက်စွန့်ကြိုးပမ်း ဦးဆွေးဆံမြည့် တပ်မတော်တာဝန် ထမ်းဆောင် ခဲ့သူဖြစ်ပြီး တပ်မတော်သားပီပီ နိုင်ငံတော်မှပေးအပ်သည့် ချီးမြှင့်ငွေဖြင့်သာ လောက်ငအောင်

သုံးစွဲပြီး မိသားစု တစ်စုလုံးကို ကြိုးစားရုန်းကန် ပြုစုပျိုးထောင်ခဲ့သူ ဖြစ်ပါကြောင်း၊ သို့ရာတွင် ယနေ့အချိန်အခါ၌ ၎င်းတို့ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်နှင့် ဒုတိယဆင့်များအတွက် နိုင်ငံတော်မှ ချီးမြှင့်ထောက်ပံ့ငွေမှာ ယနေ့ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေမရှိဘဲ ၎င်းတို့၏ဘဝ ရုန်းကန်ရခြင်းအတွက် ပိုမိုခက်ခဲကြမ်းတမ်းလှပါကြောင်း၊ သို့ပါ၍ ယခုအချိန်အခါတွင် ဘဝတူ၊ အဆင့်တူများမှာလည်း လက်ချီးရေတွက်၍ ရနေသည့် ပမာဏအထိ ကျဆင်းခဲ့ပြီးဖြစ်သည့် အ လျောက် တစ်လုံးတစ်ခဲတည်း ထောက်ပံ့ငွေ သို့မဟုတ် လစဉ်ချီးမြှင့်ထောက်ပံ့ငွေအား စာနာငဲ့ညှာ စွာဖြင့် သင့်လျော်မျှတစွာ တိုးမြှင့် ပေးသင့်ပါကြောင်း ဘဝတူအားလုံးအတွက် အသက်(၉၄)နှစ်အရွယ် အဖိုးအိုမှ မေတ္တာရပ်ခံဆန္ဒပြု အသနားခံ တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြသူ အောင်သာစည်ချစ်မောင် (ခေါ်) ဗိုလ်မှူးချစ်မောင် ဟာ ယနေ့ဆိုရင် လူ့ဘဝထဲမှာ မရှိတော့ပါဘူး။ တင်ပြပြီး မကြာမီမှာပဲ ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါတယ်။ သူ့တင်ပြချက် အဖြေကိုတောင် မသိလိုက်ရတဲ့ အခြေအနေဖြစ်ပါတယ်။ တင်ပြစာအပေါ် အမျိုးသား လွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ စိစစ်တွေ့ရှိချက်မှာ တင်ပြသူအနေဖြင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့် ရရှိထားသူဖြစ်ပြီး၊ အသက်(၉၄)နှစ်အရွယ်ရှိကာ၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့် ရရှိထားသူအားလုံးအတွက် တင်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါတယ်။ ၎င်းတို့ မကွယ်လွန်မီ နိုင်ငံ့ဂုဏ်ရည် ချီးမြှင့်ခံထားရသူအားလုံးအတွက် ၎င်းမှ လစဉ်ချီးမြှင့်ငွေနှင့် တစ်လုံးတစ်ခဲ ချီးမြှင့်ငွေများကို တိုးမြှင့်ပေးပါရန် အသနားခံ တင်ပြထားခြင်းလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ကောင်စီရဲ့ ၁၉၈၀ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်အမှတ်၊ ၁/၈၀ အရ ပြဋ္ဌာန်းခဲ့သော နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ရရှိသူများအတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေတို့ကို အောက်ပါအတိုင်း ဖော်ပြထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေအနေဖြင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်အတွက် ကျပ်(၃)သောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့်အတွက် ကျပ်(၁၅၀၀၀)၊ လစဉ်ချီးမြှင့်ငွေအနေနဲ့ နိုင်ငံဂုဏ်ရည်ဘွဲ့ ပထမအဆင့်အတွက် ကျပ်(၆၀၀)၊ နိုင်ငံဂုဏ်ရည်ဘွဲ့ ဒုတိယအဆင့်အတွက် ကျပ်(၃၀၀) နိုင်ငံတော်မှ နိုင်ငံဂုဏ်ရည်ပထမအဆင့်နှင့် ဒုတိယအဆင့် ချီးမြှင့်ခံရသူတို့အား လစဉ် ချီးမြှင့်ထောက်ပံ့ငွေများဟာ ယနေ့ခေတ် အချိန်အခါနှင့်ဆိုလျှင် လိုက်လျောညီထွေမှုမရှိဘဲ လွန်စွာနည်းပါးနေကြောင်း စိစစ်တွေ့ရှိ ရပါတယ်။ သို့ပါ၍ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများနည်းတူ ယနေ့ခေတ် အခြေအနေ အချိန်အခါနှင့်အညီ လစဉ်ချီးမြှင့်ငွေများကို တိုးမြှင့်ခံစားခွင့် ပြုပေးသင့်ပါကြောင်း သုံးသပ်စိစစ်တွေ့ရှိခဲ့ရပါတယ်။

သို့ပါ၍ အထက်ဖော်ပြပါ တင်ပြချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၊ ပြည်သူ တို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံ့ဂုဏ်ရည် ချီးမြှင့်ခံရသူများ အကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြအပ် ပါတယ်။(၁) နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဂုဏ်ရည် ဘွဲ့ရရှိသူများ အား နိုင်ငံတော်မှ ချီးမြှင့်ပေးလျက်ရှိသည့် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေ တို့ကို တိုးမြှင့်ခံစားခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် စတင်တိုးမြှင့် ခံစားခွင့်ပေးမည်။ (၃) တိုးမြှင့်ခံစားခွင့်ပေးရန် အစီအစဉ် မရှိပါက မည်သည့်အတွက်ကြောင့် တိုးမြှင့် ခံစားခွင့် ပေးနိုင်ခြင်း မရှိသည်တို့ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဝေးလံသီခေါင်သည့်ဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့် ပြည်မမှ နိုင်ငံ့ဝန်ထမ်းများကို တာဝန်ထမ်းဆောင် သတ်မှတ်ကာလ (၂)နှစ်အတွင်း တာဝန်ကို ကျေပွန်စွာထမ်းဆောင်မှုပြီးဆုံးပါက အမြန်ဆုံးပြောင်းရွှေ့ရေးအတွက် ဝန်ကြီးဌာနများက တစ်ပြေးညီ စည်းမျဉ်းသတ်မှတ်ပြီး တိကျမှန်ကန်စွာ ကျင့်သုံးဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ဝေးလံသီခေါင်သောဒေသများတွင် တာဝန်ထမ်းဆောင်ကြသည့် ပြည်မမှ နိုင်ငံ့ဝန်ထမ်းများကို တာဝန်ထမ်းဆောင် သတ်မှတ်ကာလ(၂)နှစ်အတွင်း တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်မှုပြီးဆုံးပါက အမြန်ဆုံးပြောင်းရွှေ့ရေးအတွက် ဝန်ကြီးဌာနများက တစ်ပြေးညီ စည်းမျဉ်းသတ်မှတ်ပြီး တိကျမှန်ကန်စွာ ကျင့်သုံးဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကနေ့ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ဝေးလံသီခေါင်သည့်ဒေသတွေမှာ တာဝန် သွားရောက်ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ်ကာလ(၂)နှစ်ဆိုလျှင် မည်သည့်ဝန်ကြီးဌာန မဆို တစ်ပြေးညီ ဖြစ်စေရန် စည်းမျဉ်းသတ်မှတ်ပေးပြီး တိကျမှန်ကန်စွာ ကျင့်သုံးသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံသီခေါင်တဲ့ တိုင်းရင်းသားလူမျိုးများ အများစု နေထိုင်ကြတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ပြည်မမှ သွားရောက်တာဝန်ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများအား သွားရောက် တာဝန်ထမ်းဆောင်ကာလ နှစ်သတ်မှတ်ပေးရာတွင် ဥပမာ - (၂)နှစ် သတ်မှတ်ပါက ဝန်ကြီးဌာနအားလုံး (၂)နှစ်ပြည့်အောင် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက ပြည့်ပြည့်ချင်း အမြန်ဆုံး ပြန်လည်ပြောင်းရွှေ့ပေးသင့်ပါကြောင်းနဲ့ အချို့ဝန်ကြီးဌာနများတွင် (၂)နှစ်သတ်မှတ်သော်လည်း (၁)နှစ်မပြည့်ခင် ပြန်ပြောင်းခွင့်ရသူများ၊ တစ်နှစ်ကျော် (၂)နှစ်မပြည့်ဘဲ ပြန်ပြောင်းခွင့်ရသူများ၊ အချို့ဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများသည် (၂)နှစ်သတ်မှတ်သော်လည်း (၂)နှစ်ကျော်၊ (၃)နှစ်ကျော်အထိ သွားရောက်တာဝန်ထမ်းဆောင်နေရသူများ စသည်ဖြင့် တူညီမှုမရှိ ဖြစ်နေပါတယ်။

သတ်မှတ်ကာလကျော်ပြီး ဝေးလံသီခေါင်တဲ့ဒေသ၊ ခက်ခဲတဲ့ဒေသများဖြစ်တဲ့ ဥပမာ ကျွန်တော်တို့ ချင်းပြည်နယ်လို ဒေသများကို လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ ပြည်မမှ နိုင်ငံ့ဝန်ထမ်းများအား တိကျစွာ နှစ်သတ်မှတ်ပြီး တိကျစွာ တာဝန်ကျေပွန်စွာ ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများကို မည်သည့် ဝန်ကြီးဌာနမဆို တစ်ပြေးညီ တိကျစွာ စည်းမျဉ်းများ သတ်မှတ်ကျင့်သုံးရန် အထူးလိုအပ် ပါတယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်မြို့မှာ ဥပမာ ကျန်းမာရေးဌာန လက်ထောက်ဆရာဝန်တစ်ဦးဟာ (၂)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်

ပါတယ်။ ပြည်မမှ မိုးကုတ်က မိုးကုတ်သားတစ်ယောက် (၂)နှစ်တိတိ လက်ထောက်ဆရာဝန်လေး (၂)နှစ်ကျော်၊ (၃)နှစ်အထိ တာဝန်ထမ်းဆောင်ပါတယ်။ သို့သော်လည်းပဲ သူ့ရဲ့ဆန္ဒအရ တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ သို့သော်လည်း (၂)နှစ်ကျော်၊ (၃)နှစ်ထဲ ရောက်တဲ့အခါမှာ သူပြန်ပြောင်းချင်တဲ့နေရာ သူ့ဇာတိဖြစ်တဲ့ မိုးကုတ်ကို ပြန်ပြောင်းချင်တယ်ဆိုတော့ ဝန်ကြီးဌာနကလည်း သူ့မိုးကုတ်ဆေးရုံကြီးကို ပြန်လည်ပြောင်းရွှေ့ပေးတဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သာဓကတွေ ရှိပါတယ်။ ပြီးတော့မှ သဘောဖြင့်က ကျွန်တော်တို့ သမားတော်တွေ ခုတင်(၁၀၀)မှာ သမားတော်(၅)ဦး ရှိပါတယ်။ အဲဒီ သမားတော်တွေကိုလည်း (၁)နှစ် သတ်မှတ်ပါတယ်။ (၁)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်တဲ့ သမားတော်တွေကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နောက်တစ်ဆင့် ဘွဲ့လွန်သင်တန်းတွေ တက်နိုင်အောင်လည်း ဒါတွေကိုလည်း ဦးစားပေးပါတယ်။ ရာထူးမှာလည်း ကျွန်တော်တို့ ခွဲစိတ်ဆရာဝန်တစ်ယောက်ဟာ တကယ်လိုအပ်နေတဲ့ ကျွန်တော်တို့ဒေသ ခွဲစိတ်ဆရာဝန်တစ်ယောက်ဟာ (၁)နှစ်ပြည့်တယ်။ ပြည့်တော့ သူ ပြန်ပြောင်းချင်တယ်။ သို့သော်လည်းပဲ ကျွန်တော့်ကို ရာထူးတိုးပေးမယ်ဆိုရင် ကျွန်တော် မပြောင်းဘူး၊ ဆက်နေမယ် ဆိုတော့ အဲဒါကို ကျွန်တော်တို့ ပြည်နယ်အစိုးရကရော၊ ကျွန်တော်တို့ ရပ်မိရပ်ဖတွေက ဝိုင်းပြီးတော့မှ ထောက်ခံပြီး နောက်ဆုံး ဒီ ခွဲစိတ်ဆရာဝန်တစ်ယောက်ဟာ ရာထူးတိုးသွားပါတယ်။ တိုးပြီးတော့မှလည်း ကျွန်တော်တို့ဒေသမှာ ဆက်ပြီးတော့ (၁)နှစ်ပြည့်အောင် နေပါတယ်။ အဲဒီလိုဟာမျိုးတွေ ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီ ပြည်မကနေ လာရောက်တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေဟာ အနည်းဆုံး အဓိက မြို့နယ်အဆင့်၊ နောက် ခရိုင်အဆင့် အနည်းဆုံး ဒု-ဦးစီးအဆင့်၊ ဥပမာ - ကျွန်တော်တို့ ကျေးရွာတွေမှာ ဆိုလို့ရှိရင် အလယ်တန်း၊ အထက်တန်းကျောင်း(ခွဲ)တွေ ရှိတယ်။ အထက်တန်း ကျောင်း(ခွဲ)မှာ ပြည်မက လာတာဝန်ထမ်းဆောင်တဲ့ အထက်တန်း ဆရာ/ဆရာမတွေ ရှိတယ်။ အများအားဖြင့် အမျိုးသမီးတွေလည်း ရှိတယ်။ အင်မတန် ခက်ခဲတဲ့နေရာမှာ မြို့တောင်မဖွံ့ဖြိုးတဲ့ ဟိုးနယ်စွန်နယ်ဖျားမှာ သွားတာဝန်ထမ်းဆောင်တဲ့ ကလေးမတွေ ရှိပါတယ်။ သူတို့လည်း ယခု ပြောသလို (၂)နှစ်ဆိုရင် (၂)နှစ်ပြည့်တာနဲ့ သူတို့ လိုချင်တဲ့နေရာကို ပြန်ပြောင်းရွှေ့ပေးလိုက်မယ်ဆိုရင် ဒီ (၂)နှစ်တာမှာ သူတို့လည်း ကြိုးကြိုးစားစားနဲ့ ငါ (၂)နှစ်ပြည့်ရင်တော့ ငါ့ဒေသ၊ ငါ့ရပ်ရွာ ပြန်ရောက်မှာပဲဆိုတဲ့ သူတို့လည်း ခံယူချက်နဲ့ ကြိုးကြိုးစားစားနဲ့ သူတို့တာဝန်ကို ထမ်းဆောင်ကြတဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးရှိပါတယ်။ ဒါကြောင့် ကျွန်တော် ဖြစ်စေချင်တာက ဘယ်ဝန်ကြီးဌာနမဆို ကျွန်တော်တို့ (၂)နှစ်သတ်မှတ်ပေးရင် အဲဒီ(၂)နှစ်ပြည့်လို့ရှိရင် ချက်ချင်းပြန်ပြီးတော့မှ ကိုယ့်ဒေသ ရပ်ရွာကို ပြန်ရောက်အောင် ပြောင်းရွှေ့ပေးနိုင်မယ်ဆိုရင် ဘယ်ဝန်ထမ်းမဆို ပြည်မကလာတဲ့ ဝန်ထမ်းတွေက လာပြီးတော့မှ လိုလိုချင်ချင်နဲ့ တာဝန် ထမ်းဆောင်ချင်ကြမှာ ဖြစ်ပါတယ်။ ပြီးတော့မှ ကြိုးကြိုး စားစားနဲ့ တာဝန်ထမ်းဆောင်ချင်ကြမှာ ဖြစ်ပါတယ်။

ဒါဟာလည်း ကျွန်တော်တို့ရဲ့ အောက်ခြေမှာ ဖြစ်ပျက်နေတဲ့ အနေအထားကို သူတို့တင်ပြလို့ ကျွန်တော်ကလည်း ရှင်းရှင်းပြောရရင်တော့ ကိုယ့်ဒေသ၊ ရပ်ရွာမှာ ဒီလို ဝေးလံသီခေါင်တဲ့ ဒေသတွေမှာ ဒီလိုလာပြီး တာဝန်ထမ်းဆောင်တဲ့ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေကို ကိုယ်ချင်းစာလို့ ကျွန်တော့်အနေနဲ့လည်း သူတို့ကိုယ်စား အခုလို ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော် မေးမြန်းတင်ပြတာ ဖြစ်တဲ့အကြောင်း လေးစားစွာတင်ပြရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လာတဲ့ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနဲ့ အသနားခံစာ ဆိုင်ရာကော်မတီ၊ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း ရဲ့ မေးခွန်းကို ပထမ ဖြေကြားသွားပါမယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံ့ဂုဏ်ရည် ဘွဲ့နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်ကောင်စီက ၁၉၈၀ ပြည့်နှစ်မှာ အမိန့်ထုတ်ပြန်ပြီးတော့ နိုင်ငံ့ ဂုဏ်ရည်ဘွဲ့ ရရှိသူများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနဲ့ လစဉ်ချီးမြှင့်ငွေတို့ကို ပေးအပ်ခဲ့ပါတယ်။ တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေမှာ ၄င်းအချိန်က ခံစားခဲ့ပြီး ဖြစ်ပါတယ်။ လစဉ် ချီးမြှင့်ငွေနှုန်းထားကို တိုးမြှင့်ပေးရန်မှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ သုံးသပ်ခွင့်ပြုပေးမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသဖြင့် လောလောဆယ်အခြေအနေမှာတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ ဆက်လက်ဖြေကြားသွားပါမယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဝေးလံသီခေါင်တဲ့ဒေသမှာ တာဝန် သွားရောက် ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနများ တစ်ခုနဲ့တစ်ခု မတူညီတဲ့ ဝိသေသများကြောင့် သတ်မှတ်ကာလ (၂)နှစ်သတ်မှတ်ပေးရန် မဖြစ်နိုင်တဲ့ ကာကွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန(၃)ခု တို့ကတော့ သတ်မှတ်ကာလ ထားရှိခြင်း မရှိပါဘူး။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းအင် ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန (၅)ခုတို့ကတော့ သတ်မှတ်ကာလ (၁)နှစ်သာ သတ်မှတ်ထားရှိပါတယ်။ ပြည်ထဲရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနဲ့ အားကစားဝန်ကြီးဌာန(၅)ခုတို့ကတော့ သတ်မှတ်ကာလ(၃)နှစ်စီ သတ်မှတ်ထားရှိ ပါတယ်။ ကျန်တဲ့ဝန်ကြီးဌာန (၁၇)ခုကတော့ သတ်မှတ်ကာလ(၂)နှစ်စီ သတ်မှတ်ထားကြောင်း တွေ့ရှိ ရပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြောင်းရွှေ့လိုတဲ့ဆန္ဒ မရှိတဲ့ ဒေသခံဝန်ထမ်းများမပါ၊ ဝေးလံသီခေါင်တဲ့ဒေသများမှာ သွားရောက်တာဝန် ထမ်းဆောင်ကြတဲ့

ဝန်ထမ်းများအား တစ်ပြေးညီ (၂)နှစ်စီသတ်မှတ်ရန်မှာ ဝန်ကြီးဌာနများရဲ့ လုပ်ငန်းတာဝန်ချင်း တူညီမှု မရှိတဲ့အတွက် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီးတော့ လုပ်ငန်းကျွမ်းကျင်ရေး၊ လုပ်ငန်းအဆင်ပြေ ချောမွေ့စေရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထည့်သွင်းစဉ်းစားပြီးတော့ ဝန်ကြီးဌာနများမှ အတွေ့အကြုံအရ သတ်မှတ်ထားခြင်းဖြစ်၍ ဝန်ကြီးဌာနများ၏ သတ်မှတ်ကာလများအတိုင်းသာ တိကျစွာ လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ရန် ကြီးကြပ်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တိုင်ကြားစာကနေ တင်ပြချက်နဲ့ပတ်သက်လို့ ဒီ ချီးမြှင့်ငွေများနဲ့ ပတ်သက်လို့ တင်ပြ ရမယ်ဆိုရင် ဒီတကယ်လက်ရှိ အခြေအနေနဲ့စာရင် ကျပ်(၆၀၀)တို့၊ ကျပ်(၃၀၀) တို့ဆိုတာ ဘာမှ သုံးစွဲလို့မရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ပြီးတော့ ဒီပုဂ္ဂိုလ်တွေဟာ နိုင်ငံတော်အတွက်၊ လွတ်လပ်ရေး အတွက် အသက်ပေးတိုက်ပွဲဝင် လုပ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီသာမန် နိုင်ငံ့ဝန်ထမ်းတွေတောင်မှ၊ ပင်စင်စားတွေတောင်မှ ဒီတိုးမြှင့်ချီးမြှင့်ပေးနိုင်ရင် ဒီပုဂ္ဂိုလ်တွေ ကိုလည်းပဲ ဦးစားပေး စဉ်းစားဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဒါ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မှန်ပါတယ်။ လောလောဆယ်ဆောင်ရွက်ရန် မရှိဘူးဆိုတာတော့ လူကြားလို့ မကောင်းဘူးပေါ့။ အစိုးရအဖွဲ့ကို တင်ပြပြီး ဆက်လက်ဆောင်ရွက်မယ်။ အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဆောင်ရွက်မယ်ဆိုရင်တော့လည်း လူကြားလို့ ကောင်းတာပေါ့။ တကယ်လည်း အသက်ကလည်း (၉၄)နှစ်ရှိပြီ၊ တစ်ခေတ်တစ်ခါက အာဇာပိုင်အဖွဲ့အစည်း ဘယ်သူပဲဖြစ်ဖြစ်၊ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယအဆင့် ဆိုတဲ့ ဟိတ်က တော်တော်လေး ရှိပါတယ်။ နိုင်ငံအတွက်လည်း ကျေးဇူးရှိတဲ့သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါ သမ္မတကြီးကို တင်ပြပြီးပြီလား မသိဘူး။

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ တင်ပြပြီး ဆောင်ရွက် ကြည့်ပါ့မယ်။

**ဥက္ကဋ္ဌ။** ။ သမ္မတကြီးကို တင်ပြလိုက်ပါ။ သမ္မတကြီးကမှ မပေးနိုင်ဘူးဆိုရင်တော့ မပေးနိုင်ဘူးလည်း ပြန်ဖြေလို့ ရပါတယ်။ သို့သော် မကောင်းပါဘူး ဒီကိစ္စက။

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၂)။** ။ တင်ပြပြီးသား ဖြစ်ပါတယ်။ အဖြေက အဲဒီအတိုင်းပဲ ဖြေထားလို့ပါ။ ထပ်ပြီး တင်ပြလိုက်ပါ့မယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**အခြေခံပညာကဏ္ဍတွင် ထင်သာမြင်သာပြုပြင်ပြောင်းလဲရန် ပြည်သူတို့ မျှော်လင့်စောင့်စားနေမှုများ အပေါ် ပညာရေးဝန်ကြီးဌာန၏ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အခြေခံပညာကဏ္ဍတွင် ထင်သာမြင်သာပြုပြင်ပြောင်းလဲရန် ပြည်သူတို့ မျှော်လင့်စောင့်စား နေမှုများ အပေါ် ပညာရေးဝန်ကြီးဌာန၏ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့တကွ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံပညာကဏ္ဍမှာ ထင်သာမြင်သာ ပြုပြင်ပြောင်းလဲဖို့ ပြည်သူတို့ မျှော်လင့်စောင့်စားနေမှုများ အပေါ် ပညာရေးဝန်ကြီးဌာနက လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများကို သိရှိလိုတဲ့အတွက် အများပြည်သူကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမိနိုင်ငံတော်ကြီးအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့် ယခုကဲ့သို့ ကြိုးပမ်းဖော်ဆောင်နေချိန်မှာ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးရဲ့ အနာဂတ်မျိုးဆက်သစ်တို့အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများ အထူးအလေးထားကာ အခြေခံပညာနယ်ပယ်မှာ ပြုပြင်ပြောင်းလဲမှုများကို အထိုက်အလျောက် ဖော်ဆောင်နေတာကို ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက် ရှိနေကြပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကဏ္ဍမှာ လူရည်ချွန်စီမံကိန်းများ ပြန်လည်ဆန်းသစ် ဖော်ထုတ်ပေးခြင်း၊ ကင်းထောက်အဖွဲ့အစည်းများ ပြန်လည်ဆန်းသစ် ဖော်ထုတ်ပေးခြင်း၊ ပညာတော်သင်ဆုများ ချီးမြှင့်ခြင်းနဲ့ မူလတန်းအဆင့်မှာဆိုရင် ကျောင်းသုံးစာအုပ်တွေ၊ ဗလာစာအုပ်တွေနဲ့ အခမဲ့ငွေကြေး(၁၀၀၀) ချီးမြှင့်ခြင်း အစီအစဉ်တို့မှာ တိုးတက်ပြောင်းလဲခြင်း လက္ခဏာအဖြစ် ထင်သာမြင်သာရှိကြောင်း မြင်တွေ့နိုင်ပါတယ်။ ဖော်ပြပါ စီမံကိန်းလုပ်ငန်းများမှာ အတိတ်ပညာရေးသမိုင်းတွင် ရှိခဲ့တဲ့ ဟောင်းပင်ဟောင်းသော်လည်း ကောင်းသဖြင့် အဟောင်းကို အကောင်းအဖြစ်နဲ့ ပြန်လည်ဆန်းသစ်ခဲ့ခြင်းဖြစ်ကြောင်းကို တွေ့မြင်နိုင်ပါတယ်။ သို့ရာတွင် ခေတ်ကာလ နိုင်ငံ့လိုအပ်ချက်နဲ့အညီ မိဘပြည်သူတို့ မျှော်လင့်စောင့်စားနေကြတဲ့ အပြောင်းအလဲများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် မဖြစ်မနေ အမြန်ဖြည့်ဆည်း

အကောင်အထည်ဖော်ရန် လိုအပ်နေတဲ့အချိန်ဖြစ်ကြောင်း ပြည်သူတို့က ထောက်ပြလျက်ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်များ ရပ်နားချိန်မှာ အတွေ့အကြုံများရှင်းလင်းတင်ပြရန် မဲဆန္ဒရှင်ပြည်သူများက ရှင်းလင်းတင်ပြတဲ့ အချိန်အခါမှာဆိုရင် မဲဆန္ဒရှင်ပြည်သူတွေက အခြေခံပညာကဏ္ဍနဲ့ ပတ်သက်ပြီးတော့ မိမိတို့ ကြုံတွေ့နေရတဲ့ အခက်အခဲ အကျပ်အတည်း ပြဿနာတွေကို ပြုပြင်ပြောင်းလဲပေးစေလိုတဲ့ စေတနာနဲ့ တင်ပြမေးမြန်းခဲ့တဲ့ အကြောင်းအချင်းအရာများစွာတို့ဟာ အလွန်စိတ်ပါဝင်စားစရာ ကောင်းလှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်အမိမြန်မာနိုင်ငံတော်ကြီးကို ပခုံးပြောင်း တာဝန်ယူကြမယ့် ယနေ့ ကျောင်းသား/ကျောင်းသူ လူငယ်လူရွယ်များကို ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားအောင် အဓိက ရည်မှန်းချက်ထားပြီး ကြိုးပမ်းဖော်ဆောင်နေချိန် ဖြစ်ပါတယ်။

ဤသို့ဆိုမယ်ဆိုရင် အခြေခံပညာကဏ္ဍမှာရှိနေကြတဲ့ ယနေ့ ကျောင်းသား/ကျောင်းသူ လူငယ်များ ပညာရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြတဲ့ အခြေခံပညာဆရာ/ဆရာမများနဲ့ မိဘအုပ်ထိန်းသူများအကြား ပကတိပေါ်ပေါက်နေတဲ့ ဖြစ်ရပ်မှန်များသည် ပညာရေးရည်မှန်းချက်များကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိခိုက်နေခြင်း ရှိ/မရှိနဲ့ အမြန်ပြုပြင်ကုစား ပြောင်းလဲပေးသွားရန် လို/မလိုဆိုတဲ့ အချက်အလက်ဟာ အလေးအနက် စဉ်းစားဆောင်ရွက်ရမယ့်အချိန်ကို ရောက်နေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိဘအုပ်ထိန်းသူများအနေနဲ့ ကျောင်းသို့ဝင်စ ကလေးဘဝမှ အခြေခံပညာ သင်ယူပြီးမြောက်သည်အထိ တစ်နည်းအားဖြင့် မူလတန်းကြို၊ သူငယ်တန်းမှသည် ဒသမတန်းအထိ မိမိတို့ သားသမီးများကို ပြင်ပတွင် ကျူရှင်နေကြရပါကြောင်း၊ စားစရာ မရှိသော်လည်း မိမိတို့သားသမီးများအား မျက်နှာငယ်မည်စိုး၍ ကျူရှင် အတွက်ပေးစရာ ငွေရှာနေကြရပါကြောင်း၊ အခြေအနေမပေး၍ မိမိတို့ ဆရာမထံတွင် ကျူရှင်မတက်နိုင်ကြသူများကို ခွဲခြားဆက်ဆံမှု ခံနေကြရပါကြောင်း၊ မိမိတို့ ဆရာမထံ ကျူရှင်တက်နိုင်သူများမှာ အထူးမျက်နှာသာပေး အခွင့်အရေး ရနေကြပါကြောင်း၊ အခြေခံပညာကျောင်းများကို ယုံကြည်ကိုးစားအားထားမှု တစ်နေ့တစ်ခြား လျော့ပါး၍ ပြင်ပကျူရှင်တို့၏ အခန်းကဏ္ဍက လွှမ်းမိုးလာနေကြပါကြောင်း၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ အလျှိုလျှိုပေါ်ပေါက်လာနေခြင်းက ကျူရှင်ရောဂါ ပိုမိုကြီးထွားစေရန် ဖန်တီးနေသကဲ့သို့ ရှိနေပါကြောင်း၊ အခြေခံပညာနယ်ပယ်တွင် ရှိနေသည့် ကျူရှင်ရောဂါမှာ ကုသရန် ခက်ခဲသော နာတာရှည်ရောဂါဆိုးကြီးအဖြစ် အမြစ်တွယ်နေပြီ ဖြစ်သည်ကို သတိပြုရမည် ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများကို အားမကိုးဘဲ ပြင်ပကျူရှင်များနောက် မိဘအုပ်ထိန်းသူများရော၊ ကလေးများပါ တကောက်ကောက်လိုက်နေခြင်းမှာ အခြေခံပညာကျောင်းများက လုံလောက်သည့် ပညာသင်ကြားပေးနိုင်မှု မရှိ၍ ဖြစ်ကြောင်း၊ ကျောင်းသား/ကျောင်းသူများနှင့် မိဘတို့တွင် အမြစ်တွယ်ကပ်နေပြီ ဖြစ်တဲ့ ကျူရှင်ရောဂါဆိုးကို ပညာရေးဝန်ကြီးဌာနအနေဖြင့် အချိန်ယူကုစားပေး နိုင်မည့် အစီအမံများ ထင်သာမြင်သာ အမြန်ဆုံးချမှတ်ပေးရန် လိုအပ်ပါကြောင်း စသည်၊ စသည်ဖြင့် မိဘတို့ရဲ့အသံ၊ ဆန္ဒနဲ့ လိုအပ်ချက်များကို စိတ်မချမ်းမြေ့ဖွယ်ရာ တင်ပြကြတဲ့အတွက်ကြောင့် ကြားသိ မြင်တွေ့ခဲ့ရပါတယ်။

ကိုယ်တွေ့ဖြစ်ရပ်များနဲ့ ထင်ဟပ်ပြီးတော့ မိဘပြည်သူတွေရဲ့ ဆွေးနွေးတင်ပြချက်၊ အကြံပြုချက်များမှာ အခြေခံပညာနယ်ပယ်မှာ အလွန်အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်နေသည့်အတွက် မသိကျိုးကျွံပြု၍ မဖြစ်နိုင်၊ အခြေခံပညာ ဆရာ/ဆရာမများ၏ ဂုဏ်သိက္ခာကိုလည်း အထင်အမြင်မှားစေနိုင်သည့်အတွက် အထူးအလေးအနက်ထားကာ အမြန်ပြုပြင်ပြောင်းလဲပေးရန် လိုအပ်လျက်ရှိကြောင်း မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနသို့ မေးမြန်းလိုတဲ့ မေးခွန်းများကတော့ (၁) အခြေခံပညာ ကျောင်းသား/ကျောင်းသူများအား ကျောင်းပြင်ပတွင် ကျူရှင်နေကြသည့် ဒုက္ခမှ လျော့နည်းပပျောက်သွားရေးအတွက် အစီအမံများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက ဆောင်ရွက်ပေးမည့် အစီအစဉ်။ (၂) ပြင်ပကျူရှင်များကို အားကိုးအားထား ပြုနေကြခြင်းထက် အခြေခံပညာကျောင်းများအပေါ် ယုံကြည်ကိုးစား အားထားလာစေရန်အတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ ချမှတ်ထားခြင်း ရှိ/မရှိနဲ့ ရှိပါက ဆောင်ရွက်ပေးမည့် အစီအစဉ်။ (၃) အခြေခံပညာ ဆရာ/ဆရာမများ လိုအပ်ချက်အရ သင့်တင့်မျှတသော အကျိုးခံစားခွင့်ဖြင့် မိမိတို့ကျောင်းတွင်ပင် ကျောင်းသား/ကျောင်းသူများအား စနစ်တကျ အချိန်ပို သင်ကြားပေးခွင့်ပြုသည့်စနစ်မျိုး စီစဉ်ထားရှိရန် အစီအစဉ် ရှိ/မရှိ။ (၄) ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများကို ဥပဒေနှင့်အညီ စနစ်တကျ ဖွင့်လှစ်ခွင့်ပြုနိုင်မှုနှင့် ထိထိရောက်ရောက် ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်နိုင်မှု အခြေအနေ။ (၅) အခြေခံပညာကဏ္ဍမှာ အများပြည်သူတို့ မျှော်လင့်စောင့်စားလျက်ရှိကြသော ထင်သာမြင်သာ ပြုပြင်ပြောင်းလဲမှုများ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ တို့နှင့် ရှိပါက ရှင်းလင်းတင်ပြပေးနိုင်ပါရန် စသည်တို့ကို ပညာရေးဝန်ကြီးဌာနမှ ဖြေကြားပေးနိုင်ပါရန် အများပြည်သူအကျိုး၊ နိုင်ငံ့အကျိုးငှာ လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးများစွာ တင်ပါတယ်။

**မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား

အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ရေချိုအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ မိတ္ထီလာ-မြင်းခြံသွား မော်တော်ကားလမ်းနှင့် မိတ္ထီလာ-မြင်းခြံသွား မီးရထားလမ်း(၂)ခုကြားတွင် တည်ရှိပါတယ်။ တည်နေရာမှာ မိတ္ထီလာမြို့မှ (၁၁)မိုင်၊ မလှိုင်မြို့မှ (၁၂)မိုင်ကွာဝေးပါတယ်။ ကျေးရွာအုပ်စုဝင်(၇)ရွာ ရှိပါတယ်။ ရေချိုရွာ၏ အရပ်လေးမျက်နှာအတွင်း မြောက်ဘက်၌ ရွာသစ်အခြေခံ မူလွန်ကျောင်း၊ လယ်တကောင်းတွဲဖက် အလယ်တန်းကျောင်း၊ တောင်ဘက်၌ လိန်တောမူလွန်ကျောင်း၊ အနောက်ဘက်၌ ဖျောက်ဆိပ်ကုန်းတွဲဖက် အထက်ကျောင်းနှင့် ဤဒေသကျေးရွာများတွင် အခြေခံပညာ မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများ တည်ရှိပါတယ်။ ကျေးရွာအုပ်စုတွင် အိမ်ထောင်စုပေါင်း(၇၀၀)ခန့်ရှိပြီး၊ လူဦးရေပေါင်း(၃၅၀၀)ဦးခန့် ရှိပါတယ်။ အုပ်စုဝင် ကျေးရွာများ မှာလည်း တောင်သူလယ်သမားအများစုနေထိုင်ပြီး၊ အချို့ကျေးရွာသူ/ကျေးရွာသားများမှာ လယ်အကူ လုပ်သားအဖြစ် အသက်မွေးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မိမိတို့၏ ရင်သွေးငယ်များ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြပါတယ်။ အဆိုပါ ကျောင်းဟာ ဒုတိယကမ္ဘာစစ်မတိုင်ခင် ၁၉၄၅ ခုနှစ်တွင် မူလတန်းကျောင်းအဆင့်သာ ရှိခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်တွင် အလယ်တန်းကျောင်းအဆင့်၊ ၁၉၉၅ ခုနှစ်တွင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်း ခံရပါတယ်။ ၂၄-၅-၂၀၁၀ ရက်နေ့တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ကျေးရွာ ရပ်မိ/ရပ်ဖများ၊ ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ သား/သမီးများအတွက် ပညာရေးကို အထူးစိတ်ဝင်စား အားပေးလျက်ရှိကြပါတယ်။ ကျောင်းအဆောက်အဦနှင့် ပရိဘောဂများ ပြည့်စုံလုံလောက်မှု ရှိစေရေးအတွက် ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ဆောင်ရွက်ထားရှိကြောင်းလည်း သိရှိရပါတယ်။

ယခု ရေချိုအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား/ကျောင်းသူ အင်အား(၈၅၀)ဦးနဲ့ ဆရာ/ဆရာမ ဝန်ထမ်း(၃၁)ဦးဖြင့် သင်ကြားပို့ချလျက်ရှိပါတယ်။ အဆိုပါ ကျောင်းသို့ အခြေခံပညာ မူလတန်းကျောင်း(၁၉)ကျောင်းမှ ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာအုပ်စုခွဲပေါင်း(၂၅) ရွာတို့မှ ကျောင်းသား/ကျောင်းသူများလည်း ပညာသင်ကြားလျက်ရှိသော ကျောင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးလက်နေ မိဘပြည်သူများ၊ ရပ်မိ/ရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီနဲ့ ကျောင်းသား/ ကျောင်းသူများမှလည်း ရေချိုကျေးရွာ အထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ရေးကို အထူးလိုလားတောင့်တလျက်ရှိကြောင်း သိရှိရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာအုပ်စု၊ ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့်ပတ်သက်၍ သိရှိလိုပါသဖြင့် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် လျှောက်လွှာနဲ့အတူ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်းတောင်ဘက်ကမ်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ပင်မကျောင်းဆောင်မှာ အချိန်မရွေး အန္တရာယ်ရှိစေနိုင်သည့် အခြေအနေ ရှိနေပါသဖြင့် ပေ(၁၂၀ x၃၀) တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်းတောင်ဘက်ကမ်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ ပင်မကျောင်းဆောင်မှာ အချိန်မရွေး အန္တရာယ်ရှိစေနိုင်သည့် အခြေအနေရှိနေပါသဖြင့် ပေ(၁၂၀ x၃၀) တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ သိရှိလို၍ မေးမြန်းလိုတဲ့ မေးခွန်းကတော့ သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်းတောင်ဘက်ကမ်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ပင်မကျောင်းဆောင်မှာ အချိန်မရွေး အန္တရာယ်ရှိစေနိုင်သည့် အခြေအနေရှိနေပါသဖြင့် ပေ(၁၂၀x၃၀) တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စက်ကုန်းပိုင်းတောင်ဘက်ကမ်းကျောင်းဟာ ၁၉၈၃ ခုနှစ်မှာ စတင်ပြီးတော့ အခြေခံပညာမူလတန်းကျောင်းအဆင့် ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခြေခံပညာမူလတန်းကျောင်းအဆင့်မှတစ်ဆင့် ကျွန်တော်တို့ မြို့ပေါ်၊ ကျွန်တော်တို့ ရပ်ကွက်မှာ၊ ကျွန်တော်တို့ သနပ်ပင်မြို့ဟာ ကျွန်တော်တို့ ဒါ မြို့ပေါ်(၆)ရပ်ကွက် ရှိပါတယ်။ မြို့ပေါ်(၆)ရပ်ကွက်ကို ပဲခူး-စစ်တောင်းတူးမြောင်းကြီး ကနေပြီးတော့ တစ်ဖက်ကို ခြားထားတာ ဖြစ်ပါတယ်။ တစ်ဖက်မှာ ကျွန်တော်တို့ မြောက်ဘက်ကမ်းမှာ အခြေခံပညာအထက်တန်းကျောင်းရှိသလို၊ တောင်ဘက်ကမ်းမှာ အခြေခံပညာမူလွန်ကျောင်းအဆင့်ပဲ ရှိပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ တောင်ဘက်ကမ်းမူလွန်ကျောင်းဟာ ကျွန်တော်တို့ ပညာရေးနဲ့ပတ်သက်လို့ သင်ကြားမှု၊ သင်ယူမှုကောင်းပြီးတော့ ဂျပန်ပညာတော်သင်ဆုရတဲ့ အဆင့်ထိအောင် သင်ကြားနိုင်တဲ့ ကျောင်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းသူ/ကျောင်းသားများဟာ ကျွန်တော်တို့ ဒီနေ့ လက်ရှိဆိုရင် (၈၅၉)ဦးအထိရှိပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ လွှတ်တော် ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ လွှတ်တော်က တင်ကြားပြသတဲ့ အတွက်ကြောင့်မို့လို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်၊ ကျွန်တော်တို့ ဒါ အဆင့်မြှင့်တိုးမြှင့်ပေးထားတာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ ကျောင်းသားဦးရေနဲ့

ကျောင်းဆောင်ဟာ မမျှတတဲ့ အနေအထားရှိပါတယ်။ လက်ရှိ ကျွန်တော်တို့ ပင်မကျောင်းဆောင်ဟာ (၁)ဆောင် ရှိသလို၊ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းဆောင်အသစ်(၂)ခု ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ ကျောင်းဆောင်(၃)ဆောင် ရှိပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ ပင်မကျောင်းဆောင် ပေ(၁၂၀ x ၃၀)ဟာ လက်ရှိ ကျွန်တော်တို့ အန္တရာယ်ရှိစေနိုင်တဲ့ အနေအထားရှိသလို တိုင်း/ခရိုင်ပညာရေးဌာနကလည်း ကွင်းဆင်းပြီးတော့ ကြည့်ရှုတဲ့အခါမှာ လက်ရှိ အခြေအနေမှာလည်း ပညာသင်လို့မရတဲ့ အခြေအနေ ရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့ တစ်ဆက်တစ်စပ်တည်း ကျွန်တော့်အနေနဲ့ တင်ပြခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီး ကျွန်တော် တောင်းဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးမှာ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်တိုင် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များကို ဆွေးနွေးသွားတာ ရှိပါတယ်။ ကျွန်တော်တို့ မြို့ပေါ်ကျောင်းများမှာ အမှန်တကယ် ကျွန်တော်တို့ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများ တိုးမြှင့်ပေးရမယ့် အခြေအနေရှိရင် ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် အခြေအနေမှန်ကို တင်ပြပြီးတဲ့အခါမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကျွန်တော်တို့ အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးပါ့မယ်လို့ ကျွန်တော်တို့ ဒါ တင်ပြဆွေးနွေးပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ လက်ရှိ ကျွန်တော်တို့ အ.ထ.က အနေနဲ့ သနပ်ပင် အ.ထ.က၊ မင်းရွာ အ.ထ.က၊ တာဝရေထ အ.ထ.က၊ အ.ထ.က ကျောင်း(၃)ကျောင်းရှိသလို၊ အ.ထ.က ကျောင်း(ခွဲ) အနေနဲ့ ကျွန်တော်တို့ ကုလားကျောင်းကြီး၊ ကျည်းပင်စု၊ ကျွန်တော်တို့ ကမာစဲ၊ ကျုံပါ ကျွန်တော်တို့ ဒါရှိပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်တော်တို့ သနပ်ပင်မြို့ပေါ်မှာ ကျောင်းသူ/ကျောင်းသားများ အင်အားဟာ အထက်တန်းကျောင်းမှာ ကျွန်တော်တို့ တအားများတဲ့ အတွက်ကြောင့်မို့လို့ ဒီနှစ် အောင်ချက်ရာခိုင်နှုန်းဟာ ပြီးခဲ့တဲ့ ကျွန်တော်တို့ (၃)နှစ်တာကာလ ပျမ်းမျှမှာ ကျွန်တော်တို့ အောင်ချက် ရာခိုင်နှုန်းတွေ တအားကျနေတာ တွေ့ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြို့ပေါ်မှာလည်း ကျွန်တော်တို့ အ.ထ.က ကျောင်းသူ/ကျောင်းသားများအနေနဲ့ အပြိုင်အဆိုင် ကျောင်းတစ်ကျောင်း ရှိသင့်ပြီ။ ရှိသင့်တဲ့နေရာမှာလည်း ကျွန်တော်တို့ ဒီတောင်ဘက်ကမ်းကျောင်းဟာ ကျွန်တော်တို့ တကယ်ကိုလည်း သင်ကြားမှုပိုင်းရော၊ သင်ယူမှုပိုင်းရော၊ လက်ရှိ အနေအထားမှာရော မြို့နယ်ရဲ့ ဂုဏ်ဆောင်တဲ့ ကျောင်းတစ်ကျောင်း ဖြစ်နေတဲ့အတွက်ကြောင့်မိုလို့ ကျွန်တော်တို့ နိုင်ငံတော်မှ အခြေအနေပေးမယ်ဆိုရင် ကျွန်တော်တို့ အထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးသင့်တဲ့ အခြေအနေ ရောက်ပြီလို့လည်း ကျွန်တော့်အနေနဲ့ တစ်ဆက်တည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လက်ရှိ သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်း တောင်ဘက်ကမ်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ ပင်မဆောင်ကြီး ပျက်စီးနေတဲ့ အတွက်ကြောင့်မိုလို့ ကျွန်တော်တို့ ကျောင်းသူ/ကျောင်းသားများဟာ တကယ်ကိုပဲ ကျွန်တော်တို့ ခက်ခက်ခဲခဲနဲ့ ကျွန်တော်တို့ သင်ကြားနေရတဲ့အတွက်ကြောင့်မိုလို့ သက်ဆိုင်ရာ၊ ကျွန်တော်တို့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီလိုအပ်နေတဲ့ ပင်မကျောင်းဆောင်သစ် ပေ(၁၂၀x၃၀)ကို ကျွန်တော်တို့ဒါ အမြန်ဆုံးတည်ဆောက်ပေးပါက ကျောင်းသူ/ကျောင်းသားများအတွက် အခက်အခဲကို ဖြေရှင်းနိုင်မယ်လို့ တင်ပြလိုပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ စက်ကုန်းပိုင်း

တောင်ဘက်ကမ်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပင်မကျောင်းဆောင်မှာ အချိန်မရွေး အန္တရာယ်ရှိစေနိုင်သည့် အခြေအနေရှိနေပါသဖြင့် ပေ(၁၂၀ x၃၀)တစ်ထပ် ကျောင်းဆောင် ဆောက်လုပ်ပေးပါရန်နှင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အင်္ဂပူမြို့နယ်၊ ရေအိုးစင်ကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းအဆင့် အဆောက်အအုံတစ်ခု ဆောက်လုပ်ပေးနိုင်ပါရန်နှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဋ္ဌေးဝင်း က အင်္ဂပူမြို့နယ်၊ ရေအိုးစင်ကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းအဆင့် အဆောက်အအုံတစ်ခု ဆောက်လုပ်ပေးနိုင်ပါရန်နှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာဋ္ဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပဏာမအနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဋ္ဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၊ အိုးကွဲကျေးရွာအုပ်စု၊ ရေအိုးစင်ကုန်းကျေးရွာမှာ အခြေခံပညာမူလတန်းကျောင်းအဆင့် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ပါရန်နှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးစွာ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်နားချိန် ဒေသခံပြည်သူများနဲ့ တွေ့ဆုံတဲ့ အချိန်လေးတွေမှာ ပြည်သူတို့၏ တင်ပြချက်တွေကို သယ်ဆောင်လာပြီးတော့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဝန်ကြီးဌာနများသို့ ပေးပို့မေးမြန်းရတာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ သတ်မှတ်ချိန်တွေကို လေးစားစွာနဲ့ သိရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီအခုတင်ပြတဲ့မေးခွန်းကလည်းပဲ ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်လောက်က တင်ပြထားတာဖြစ်ပေမယ့် ကျွန်တော်တို့ မေးမြန်းခွင့်ရတာတော့ ခုမှ မေးမြန်းခွင့်ရတာ ဖြစ်ပါတယ်။ အခုလို မအားမလပ်တဲ့ကြားကနေပြီးတော့ လာရောက်ပြီး ဖြေဆိုပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ တာဝန်ရှိသူများကိုလည်း အထူးပဲကျေးဇူးတင်ပါကြောင်း ပဏာမအနေနဲ့ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အိုးကွဲကျေးရွာအုပ်စု၊ ရေအိုးစင်ကုန်းရွာလေးဟာ အင်္ဂပူမြို့နယ်၏ အရှေ့မြောက်ဘက်အစွန်မြန်အောင် ရေကာတာကြီးနံဘေးတွင် တည်ရှိပြီးတော့ အိမ်ခြေပေါင်း(၆၃)အိမ်၊ အိမ်ထောင်စုပေါင်း

(၆၅)စုရှိပြီး လူဦးရေ(၃၁၅)ဦးနေထိုင်သည့် ရွာလေးတစ်ရွာ ဖြစ်ပါတယ်။ ကျေးရွာလူထုအနေနဲ့ တိရစ္ဆာန်များ မွေးမြူခြင်း၊ လယ်ယာလုပ်ကိုင်ခြင်း၊ တံငါလုပ်ကိုင်ခြင်းနှင့် လယ်ကူလီ လုပ်ကိုင်ခြင်း တို့ဖြင့် ဆင်းရဲပင်ပန်းစွာ အသက်မွေးဝမ်းကျောင်း ပြုနေကြသူများ ဖြစ်ပါတယ်။ ဒီရွာလေးမှာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းနေအရွယ် ကလေးပေါင်း(၅၈)ဦးခန့် ရှိပါတယ်။ ကျေးရွာရှိ ကလေးငယ်များ ပညာရေးအတွက် အနီးကပ်ဆုံးဖြစ်တဲ့ မူလတန်းကျောင်းနဲ့ အ.လ.က(ခွဲ)ကျောင်း ပင်လျှင် တစ်မိုင်ခန့် ဝေးကွာပြီးတော့ ကြားမှာ မမြချောင်း ဆိုတဲ့ ချောင်းကြီးတစ်ခု ခြားနေတဲ့အတွက် သွားလာရန် ခက်ခဲလှ ပြီးတော့ အန္တရာယ်များလှပါတယ်။

ကျေးရွာသူ/ကျေးရွာသားများ ပညာရေး လိုလားကြသော်လည်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်နိုင်ရန် မစွမ်းဆောင်နိုင်ကြသလို ဆရာ/ဆရာမ ငှားရမ်း သင်ကြားနိုင်ဖို့ရာလည်း အခက်အခဲများစွာ ရှိနေ ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော်တင်ပြတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အိုးကွဲကျေးရွာအုပ်စု၊ ရေအိုးစင်ကုန်း ရွာလေးအတွက် အခြေခံပညာ မူလတန်းကျောင်း ဆောင်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ပါရန်နှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ် ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၇။**

**ဒေါက်တာစန်းလွင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ စန်းလွင် ဖြစ်ပါတယ်။ ကျွန်တော် ပထမဦးဆုံး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနု ရဲ့ မေးခွန်းကို ပထမဦးဆုံး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာ ကျောင်းတွေမှာ ဆရာ/ဆရာမများ ကျူရှင် လုံးဝမသင်ရဆိုတဲ့ အမိန့်ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဆရာ/ဆရာမများ လွန်လွန်ကဲကဲ စီးပွားရေးဆန်ဆန် ကျူရှင်ပြသနေမှု၊ အခကြေးငွေ မြင့်မြင့်မားမား တောင်းခံပြီးတော့ သင်ကြားနေမှုဆိုတဲ့ ကျော်ဇောသတင်းတွေ ရှိလာလို့ ရှိရင် ကျွန်တော်တို့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပါတယ်။ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်လို့ ပြစ်မှု ရှိကြောင်း မှန်မှန်ကန်ကန် တွေ့ရှိတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ ဆရာ/ဆရာမ များကို သတိပေးတဲ့အဆင့်ကနေပြီးတော့ ရာထူးကနေ ထုတ်ပယ်တဲ့အထိ အရေးယူ၊ အပြစ်ပေး ကြပ်မတ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အခြေခံကျောင်းများအပေါ်မှာ မိဘပြည်သူများ ယုံကြည်အားကိုး လာစေရန်အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆရာ/ဆရာမ ဝန်ထမ်းအသစ်များ

တိုးချဲ့ခန့်ထားခြင်း၊ သင်ပြနည်းဆိုင်ရာ မွမ်းမံသင်တန်းများဆောင်ရွက်ခြင်း၊ ဆရာ၊ မိဘ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျောင်း၊ ဌာနများမှ ဆောင်ရွက်နေတဲ့ကိစ္စရပ်များအား မိဘပြည်သူများကို အသိပေးခြင်းတို့ကို ဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ အခြေခံကျောင်းတွေအပေါ်မှာ မိဘပြည်သူများ ယုံကြည်ကိုးစားလာစေရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ အခြေခံပညာ ဆရာ/ဆရာမတွေကို လိုအပ်ချက်အရ သင့်တင့်မျှတသော အကျိုးခံစားခွင့်နှင့် မိမိတို့ ကျောင်းများမှာပဲ ကျောင်းသား/ကျောင်းသူများကို အချိန်ပို သင်ကြားခွင့်ပေးတဲ့ စနစ်မျိုး ကျွန်တော်တို့ ကျင့်သုံးခြင်း မရှိပါဘူး။ အဲဒီစနစ်အစား ကလေးများ တတ်မြောက်စေရေးအတွက် လိုအပ်ချက်အရ အခမဲ့ သင်ကြားပေးခြင်းကိုသာ ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေကို ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ ဒီထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေပါ အချက်အလက်များနဲ့ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများကို စစ်ဆေးရေးအဖွဲ့က ကွင်းဆင်း စစ်ဆေး ပါတယ်။ ကွင်းဆင်းစစ်ဆေးပြီးတော့ သတ်မှတ်ချက်နဲ့ ကိုက်ညီ ပြည့်စုံပါက ခွင့်ပြု(၅)နှစ်၊ ယာယီ (၂)နှစ်၊ စမ်းသပ်(၁)နှစ်ဆိုပြီးတော့ အမျိုးအစားခွဲပြီးတော့ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ ထူထောင်ခွင့် ပေးပြီး ဖြစ်ပါတယ်။ အဲဒီလို ထူထောင်ခွင့်ပေးပြီးဖြစ်တဲ့ ကိုယ်ပိုင်ကျောင်းတွေကိုလည်း ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးရုံးတွေမှ တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ အခြေခံပညာရေးကဏ္ဍမှာ အခု နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုလမ်းညွှန်ချက်နဲ့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review) ကို ကျွန်တော်တို့ ၂၀၁၂ ခုကစတင် အကောင်အထည်ဖော်နေပါတယ်။ အဲဒီလုပ်ငန်းဟာ ၂၀၁၄ ခုနှစ်မှာ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနမှ ပညာရှင်များ၊ ပြည်တွင်းမှ အခြားပညာရှင်များ၊ နိုင်ငံတကာ အကြံပေးပညာရှင်များ ပူးပေါင်းပြီးတော့ သုတေသနကို စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ ဒီသုတေသန လုပ်ရာကနေပြီး တွေ့ရှိလာရတဲ့ တွေ့ရှိချက်များအပေါ် အခြေခံပြီးတော့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များကို အစိုးရနဲ့ လွှတ်တော်သို့ တင်ပြ အတည်ပြုချက် ရယူသွားရန် ရှိပါကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယအနေနဲ့ ဆက်လက်ဖြေကြားရမယ့် မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ကျောင်းသားဦးရေ၊ နယ်မြေအခြေအနေတို့အပေါ်မှာ အခြေခံပြီးတော့ တစ်နှစ်ကို တစ်ကြိမ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်တာကို သင်ကြားရေးအစီအစဉ် မထိခိုက်စေရေးအတွက် တစ်နှစ်ကို တစ်ကြိမ်သာ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်း

လုပ်ငန်းအား ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်းမှာ မန္တလေးတိုင်းအတွင်းမှာ အခြေခံပညာကျောင်းပေါင်း(၃၀၇)ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ မိတ္ထီလာမြို့နယ်အတွက်ကတော့ အခြေခံပညာကျောင်းပေါင်း (၁၇)ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်းမှာတော့ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ဖြေကြားရမယ့် မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်းတောင်ဘက်ကမ်း အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပင်မကျောင်းဆောင် ၂/၃ ဟာ အန္တရာယ်ရှိပြီးတော့ အန္တရာယ်ရှိတဲ့ ဒီအခြေအနေမှာ ရှိတဲ့အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပဓိရုပ်မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေနှင့် စာသင်ခန်း မျှတမှုမရှိသော ကျောင်းများအတွက် ကျောင်းဆောင်သစ်များကို တည်ဆောက်ပေးလျက်ရှိပါတယ်။ ကျောင်းဆောင်သစ်တွေ တည်ဆောက်တဲ့အခါမှာ မတည်စရိတ်ကို အသုံးပြုတွက်ချက်ပြီးတော့ ဆောက်လုပ်ပေးရတဲ့အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးတဲ့လုပ်ငန်းကို တစ်နှစ်လျှင် တစ်ကြိမ်သာ ဆောင်ရွက်ပေးနိုင်ပါတယ်။ ကျွန်တော်တို့ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပဲခူးတိုင်းဒေသကြီးအတွင်းမှာဆိုလို့ရှိရင် အခြေခံပညာကျောင်းပေါင်း (၁၉၃)ကျောင်းအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခဲ့ပြီးတော့ အသုံးပြုရန်လျာထားတဲ့ ဘဏ္ဍာငွေကတော့ ကျပ်(၅၅၄၇.၂)သန်းဖြစ်ပါတယ်။ သနပ်ပင်မြို့နယ်အတွက်ကတော့ အခြေခံပညာကျောင်းပေါင်း(၁၁)ကျောင်းအတွက် ကျောင်းဆောင်သစ်များဆောက်လုပ်ရန် လျာထားပြီးတော့ သုံးစွဲရန် လျာထားပေးငွေ ဘတ်ဂျက်ကတော့ ကျပ်သန်း(၂၇၀)ဖြစ်ကြောင်း ရှင်းလင်းတင်ပြ ဖြေကြားအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခု ပဲခူးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် တင်ပြမေးမြန်းလာတဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ စက်ကုန်းပိုင်းတောင်ဘက်ကမ်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းကို ၂၀၁၃-၁၄ ပညာသင်နှစ်အတွင်းမှာတော့ ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်ဖြေကြားရမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အိုးကွဲကျေးရွာအုပ်စု ရေအိုးစင်ကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းအဆင့် အဆောက်အအုံတစ်ခု ဆောက်လုပ်ပေးနိုင်ပါရန်နှင့် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်ခွင့်ပြုပေးနိုင်ရန် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးဌေးဝင်း ရဲ့ မေးခွန်းပါ လိုအပ်ချက်များကို ဆောင်ရွက်ပေးရမယ့် အစီအစဉ်တွေဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁) ဦးစိုးအောင် ရဲ့ မေးခွန်း၊ ပဲခူးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ မေးခွန်းတွေကို ဖြေကြားစဉ်မှာ ပါသွားခဲ့တဲ့ လုပ်ငန်းစဉ်တွေနဲ့ အတူတူပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အိုးကွဲကျေးရွာအုပ်စု ရေအိုးစင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရရှိရန်သက်ဆိုင်ရာ ကျောင်းအနေနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြရန် လိုအပ်ပါကြောင်းနဲ့ အခြေခံပညာမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့် ရရှိပြီးတဲ့အခါကျမှသာ ကျောင်းဆောင်သစ် ဆောက်လုပ်တဲ့ လုပ်ငန်းကို စိစစ်ခွင့်ပြု ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ပြောရမှာအားတော့ အားနာတယ်။ ပြောတော့ပြောရမှာပဲ။ ကျောင်းသားတွေ အလွတ်ကျက်ပြီး ဖြေသလို ဖြစ်နေတယ်။ ဒုဝန်ကြီး လာဖြေတာလည်း အလွတ်ကျက်လာတဲ့ဟာကို လာရွတ်ပြသလို ဖြစ်နေတယ်။ ပထမဦးစွာ ဦးနု ရဲ့ မေးခွန်းပေ့ါ၊ ကျူရှင်မသင်ရ အမိန့်ထုတ်တယ်။ စုံစမ်းစစ်ဆေးပြီးတော့မှ အရေးယူတယ်ဆိုတာနဲ့ ကျူရှင် မပျောက်နိုင်ဘူး။ ပညာရေးစနစ်မှာ ကျွန်တော်တို့ အမြင်က အစိုးရရယ်၊ အစိုးရဆိုတာ ဝန်ကြီးဌာန၊ ဝန်ကြီးဌာနရဲ့လက်အောက်ခံ တိုင်းပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး ဒါ အစိုးရထဲမှာ ပါတယ်။ ဆရာရယ်၊ မိဘရယ် ကြားထဲမှာ သင်ကြားရေးစီမံခန့်ခွဲမှု ပိုင်နိုင်ဖို့လိုပါတယ်။ ဒီဆရာတွေဟာ ကလေးတွေကို စာသင်တယ် ဆိုတဲ့အခါမှာ ဘာသင်သလဲ။ ပုစ္ဆာတွေ ဖြေရှင်းတတ်အောင် သင်ကြားရတာပဲ။ စဉ်းစားတတ်အောင်၊ တွေးခေါ်တတ်အောင် သင်ကြားတာ။ အဲဒီအတွက် မေးခွန်းတွေ မေးရမယ်၊ Correction လုပ်ပေးရမယ်။ ကျောင်းမှာ။ မှားပါစေ။ မှားသွားလို့ ပြင်ပေးရလို့ရှိရင် အမှန်သိသွားရင် စွဲသွားမယ်။ အခုက Correction လုပ်တဲ့အချိန်မရှိလို့ ဆရာတွေ ကျူရှင်သင်နိုင်တာပေ့ါ။ ကျူရှင်သင်တယ်ဆိုတဲ့ အခါကျတော့လည်း Homework ပေးထားတာတွေ လိုက်ပြီးတော့ ကလေးကိုယ်စား လိုက်ပြီးတော့ ဖြေပေးနေတာပေ့ါ။ အဲဒီတော့ ကျောင်းသားဗဟိုပြုဆိုတဲ့စနစ်က ပြောသာပြောနေတယ်၊ ဘာမှ ကျောင်းသားကို ဗဟိုမပြုဘူး။ ဆရာက ရေးပြတဲ့ဥစ္စာကို အလွတ်ကျက်ပြီးတော့မှ ဖြေနေတဲ့သဘော ဖြစ်နေတဲ့အခါကျတော့ ပညာရေးမှာ၊ မြန်မာနိုင်ငံမှာ သိပ္ပံနှင့် နည်းပညာအားနည်းတယ်ဆိုတာ ဒီပညာရေးစနစ်ကြောင့် အားနည်းတာပါ။ စဉ်းစားခြင်း၊ တွေးခေါ်ခြင်း၊ တီထွင်ခြင်း ဆိုတဲ့ အဆင့်ကို မရောက်ဘူး။

အဲဒီတော့ ဆရာတွေ အရည်အသွေးမြင့်အောင် (၁)က ဆရာတွေ ဆန်အိုးထဲမှာ ဆန်ပြည့်နေဖို့လိုပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ဘတ်ဂျက်တွေ တိုးပေးတဲ့အတွက် ဆရာတွေလည်း ရာထူးတွေ တိုးပေးပြီ။ နောင်ကိုလည်း နိုင်ငံတော်ရဲ့ အခြေအနေပေါ်မူတည်ပြီးတော့ ကျောင်းဆရာဆိုတဲ့ လူတန်းစားကို ဆန်အိုးကို ဆန်ပြည့်နေအောင် ဂုဏ်သရေရှိရှိနေနိုင်အောင် နိုင်ငံတော်က လုပ်ပေးဖို့လိုပါတယ်။ ပြီးလို့ရှိရင် အရည်အသွေး မြင့်မားအောင် သင်တန်းတွေ ပေးရမယ်။ ခန့်ထားပြီးသား ဆရာတွေ ဖြုတ်ပစ်လို့မရဘူး။ လဲပစ်လို့မရဘူး။ ဒီဆရာ

တွေကိုပဲ အရည်အသွေး မြင့်မားအောင် လုပ်ရမယ်။ ဒါ စီမံခန့်ခွဲမှုပါ။ ပြီးရင် တကယ်သင်အောင် ဘယ်လို သင်သလဲ။ ဆရာတစ်ယောက်က ကျောင်းသား ဘယ်နှစ်ယောက်လဲ။ သင်ကြားချိန် ဘယ်နှစ်ချိန်လဲ။ တစ်ပတ်မှာ (၅)ရက်ရှိတယ်၊ အချိန်(၂၀)လောက် သင်နေရပြီဆိုရင် ဒီဆရာက ကျန်တဲ့အလုပ်၊ Correction အလုပ် လုပ်နိုင်စရာအကြောင်း မရှိဘူး။ ကျူရှင် မပျောက်ဘူးဆိုတာ ကျောင်းမှာ သင်တာမလုံလောက်လို့ မပျောက်တာပဲ။ ကျောင်းမှာသင်တာ လုံလောက်ရင်ပျောက်ပါတယ်။ အဲဒီတော့ အလွတ်ပညာသင်ကျောင်းတွေ၊ ILBC တို့၊ ဘာတို့ရှိတယ်။ တခြား လည်းကျောင်းတွေ ရှိတယ်။ အဲဒီက ကလေးတွေ ကျူရှင်မယူဘူး။ ယူတာ လုံးဝမတွေ့ဘူး။ ဘာကြောင့်လဲဆိုတော့ ကျောင်းမှာ သင်ကြားတာလုံလောက်လို့ မယူတာပဲ။ ဒါကြောင့်မို့လို့ အမိန့်ထုတ်တယ်။ ကျူရှင် မပြရဘူး အမိန့်ထုတ်တယ်၊ စုံစမ်းတယ်၊ စစ်ဆေးအရေးယူတယ်၊ မပျောက်ဘူးဆိုတော့ တရားသဖြင့် ပေးသော အမိန့် မဟုတ်လို့ ဖြစ်ပါတယ်။ တရားသဖြင့်ပေးသောအမိန့်ဆိုတာ လိုက်နာနိုင်တဲ့သူက လိုက်နာနိုင်စွမ်းရှိဖို့ လိုတယ်။ လိုက်နာချင်တဲ့ ဥပဒေလည်း၊ အမိန့်လည်း ဖြစ်ဖို့လိုတယ်။ ဒါမှ အောင်မြင်မှာပဲ။ နို့မို့တော့ ထုတ်တဲ့အမိန့်က စာရွက်ပေါ်မှာပဲ ရှိတယ်။ အောက်ကလူကတော့ သူ့ရဲ့ဝမ်းရေးကလည်း ရှိတာကိုး။ ဒီလိုပဲ ဖြစ်တာပေါ့။ ဖြစ်တဲ့အခါကျတော့ မိမိဆီမှာ ကျူရှင်မယူရင် အတန်းထဲမှာနှိမ်တာတို့၊ ရိုက်တာတို့ ဆိုတာတွေက ဒီခေတ်မှာ မရှိသင့်တော့ပါဘူး။ မေးခွန်း မေးလိုက်တဲ့အချိန်မှာ ကျွန်တော် အံ့တောင်အံ့သြတယ်။ ဒီခေတ်မှာ ရှိသေးသလားဆိုတာမျိုးပေါ့။ ဒီခေတ်မှာ ရှိသေးတယ်ဆိုရင် ဒီခေတ်မှာလည်း ပညာရေးစီမံခန့်ခွဲမှု ညံ့ဖျင်းနေပြီလို့ ဒါ သုံးသပ်လို့ ရတယ်။ ဒါ အဖြေပဲ။ အဲဒီတော့ မြို့နယ်ပညာရေးမှူး ဘာလုပ်နေသလဲ၊ ကျောင်းအုပ်ကြီး ဘာလုပ်နေသလဲ၊ ခရိုင်ပညာရေးမှူး၊ တိုင်းပညာရေးမှူး အဆင့်ဆင့် ပြည်နယ်ပညာရေးမှူး၊ ပညာရေးဝန်ကြီးဌာန ဘာလုပ်နေသလဲ ဒါ အစိုးရကိုယ်စား၊ အစိုးရကတော့ မူဝါဒချပေးမှာပဲ။ ဆရာတွေရဲ့ သင်ကြားမှုကို စီမံခန့်ခွဲပေးရမယ်။ မိဘတွေ နားလည်အောင်လည်း ပညာပေးရမယ်။ မိဘတွေကလည်း ကလေးတွေကို ခုနကလို Report Card မှာ အကောင်းပဲ ဖြစ်ချင်တယ်။ အမှတ်ကောင်းကောင်းရချင်တယ်။ တက္ကသိုလ်တွေ၊ ဆေးတက္ကသိုလ်၊ ဆရာဝန်၊ အင်ဂျင်နီယာ ဒါတွေပဲ ဖြစ်ချင်တယ်ဆိုတဲ့ စိတ်နဲ့ ဒီကျူရှင်၊ ကျူရှင်၊ ကျူရှင် ဆိုတဲ့ခေတ်က ခေတ်စားလာတယ်။ မိဘတွေလည်း နားမလည်ဘူး၊ ပညာရေးစနစ်ကို။ အဲဒီတော့ မိဘတွေ နားလည်အောင်ကလည်း ပညာရေးဝန်ကြီးဌာနက လုပ်ပေးဖို့ လိုတယ်။ Propaganda Information ပေါ့။ Propaganda ဆိုတော့ မှားသွားမယ်။ သတင်းပေါ့။ Information ဖြန့်ဝေပေးဖို့လိုတယ်။ ဒါမှ ပျောက်မှာ။ ဒါမှ ဒေသတွင်းမှာ အဆင့်အတန်းမီတဲ့ ပညာရေးဖြစ်မယ်။ သင်ကြားတဲ့ သင်ရိုးညွှန်းတမ်းတွေလည်း မညံ့ပါဘူး။ ကျွန်တော့် အမြင်တော့၊ သင်ကြားနည်းစနစ်ပဲ လိုတာပါ။ ကျောင်းသားဗဟိုပြုဆို ကျောင်းသားကို ဗဟိုပြုပြီးတော့ကို သင်အောင်သာ လုပ်စမ်းပါ။ ခုနကကိစ္စတွေ အကုန်ပျောက်သွား ပါလိမ့်မယ်။ စီမံခန့်ခွဲမှုအပိုင်းပေါ့။

နောက်တစ်ခုကတော့ မန္တလေး(၁၁)က ဦးစိုးအောင်၊ ပဲခူး(၂)က ဦးဖိုးဇော်၊ ဧရာဝတီ(၅)က ဒေါက်တာဌေးဝင်း စသည်ဖြင့် ဒေသရဲ့ လိုအပ်ချက်တွေ တောင်းတယ်။ တစ်နှစ်မှ တစ်ကြိမ်ပဲ လုပ်ပါတယ်။ လုပ်ပါ၊ တစ်နှစ်၊ တစ်ကြိမ်ပဲ လုပ်ပါ။ ဒါကို မပြောလိုပါဘူး။ ဒါ ဝန်ကြီးဌာနရဲ့ လုပ်ငန်း။ သို့သော် မှတ်သားထားရမယ်။ ဒါ တက်လာလို့ရှိရင် အမှန်တကယ် လိုအပ်ခြင်း ရှိ/မရှိ၊ ကွင်းဆင်း စစ်ဆေးရမယ်။ ကိုယ့်မှာ လက်တံတွေရှိတယ်။ မြို့နယ်ပညာရေးမှူးစစ်၊ ခရိုင်ပညာရေးမှူးစစ်၊

တိုင်းပညာရေးမှုးစစ် တကယ်လိုတာလား။ တကယ်လိုတယ်ဆို မှတ်ထားမယ်။ ဒီနှစ် ဘတ်ဂျက် မမီရင်၊ နောက်နှစ် ဘတ်ဂျက်၊ အခု ဘတ်ဂျက် မတင်ရသေးပါဘူး အစိုးရအဖွဲ့က။ R.E တောင် မတင်ရသေးဘူး။ ဘတ်ဂျက်ပါအောင် လုပ်လို့ရတာပဲ။

နောက်တစ်ခုက ဘတ်ဂျက်ကတော့ ပြီးသွားပြီ။ ထားပါတော့။ ခုနကတုန်းက အချိန်မရွေး အန္တရာယ်ရှိသောဆိုတဲ့ကိစ္စမျိုး၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပျက်တဲ့ကိစ္စမျိုးအတွက် ရန်ပုံငွေ ရှိဖို့လိုတယ်။ ဝန်ကြီးဌာနမှာ ရန်ပုံငွေ ရှိရမယ်။ မမျှော်မှန်းနိုင်သော သဘာဝဘေးဒဏ်ကိစ္စ၊ ဖြစ်ရင် ချက်ချင်းလုပ်ပေးမယ်။ (၂၄)နာရီအတွင်း လုပ်ပေးမယ်။ ခုနက အန္တရာယ်ရှိတဲ့ ကျောင်းဆောင်၊ တကယ်လား၊ လက်တွေ့သွားကြည့်။ အန္တရာယ်မရှိအောင် ချက်ချင်းပြင်ပေးမယ်။ အသစ်မဆောက်ပေးနိုင်ရင်တောင် အန္တရာယ် မရှိစေရဘူး။ ဒီလိုတော့ ဖြေဖို့ကောင်းတယ်။ တစ်ကြိမ် လုပ်ပါတယ်။ အဲဒါပြီးသွားပါပြီ။ မရှိပါဘူး။ တစ်ကြိမ်လုပ်ပါတယ်။ အဲဒါ ပြီးသွားပါပြီ။ မရှိပါဘူးဆိုတာ အလွတ်ကျက်ပြီး လာဖြေတာနဲ့တူတယ် ဒုတိယဝန်ကြီးက။ အဲဒီတော့ နောင်လာဖြေတဲ့အခါမှာ ခုနကလိုလုပ်ပါ။ အရင်တစ်ခါတုန်းကလည်း အရိပ်အမြွက် သင်ပေးလိုက်ပြီးသား ဖြစ်ပါတယ်။ ဟုတ်ပြီနော်။ အဲဒီတော့ အဲဒီလိုလေးတွေ မိမိရဲ့လုပ်ငန်း စီမံခန့်ခွဲမှုကို နားလည်ပြီးတော့မှ စနစ်တကျ လုပ်ပေးဖို့လိုတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒါတွေ မှတ်သားထားပါ။ ဘတ်ဂျက်မှာထည့်။ ဘတ်ဂျက်မှာ ထည့်ဖို့အတွက် မှတ်သားထားပါ။ ကဲ ဒီလောက်ပါပဲ။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးဝင်းမောင်(ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ကော်မတီ အဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၁၈၁

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ၂၈-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၄-၁၀-၂၀၁၃ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၇ ကောင်စီဥက္ကဋ္ဌက ဟူသည့် စာသား၏နောက်တွင် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းရပ်တွင် ပိုမိုပြည့်စုံစေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့၏ ဟူသော စာသားကို ဖြည့်စွက်သင့်ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း၊ ပုဒ်မ ၁၇ တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့၊ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည် ဟူသည့် ဖော်ပြ ထားချက်များကို ကောင်စီ၏ ရန်ပုံငွေထူထောင်ထားရှိမှုကို တိကျစွာ ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်အတွက် ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသော ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ ဟု ပြင်ဆင်သင့်ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၈ ကောင်စီသည် ပြည်တွင်းပြည်ပရှိ တရားဝင်အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည် ဟူသည့် ဖော်ပြထားချက်များအစား နောင်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် တစ်ဆင့်ချင်း ပြောင်းလဲထူထောင်သွားနိုင်ရန်အတွက် ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည် ဟု ပြင်ဆင်ဖော်ပြသင့်ကြောင်း တွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၉ ကောင်စီသည် မှတ်ပုံတင်ကြေးနှင့် အခြားရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေး ခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည် ဟူသော စာသားအစား ပိုမိုပြည့်စုံစေရန်အတွက် ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ရမည် ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄၅ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အား လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည် ဟု မှတ်ယူရမည် ဟူသော စာသား၏နောက်တွင် တိကျမှုရှိစေရန်အတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်ကို ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည် ဟု မှတ်ယူရမည် ဟူသောစာသားကို ဖြည့်စွက်ပြီး ပြင်ဆင်သင့်ပါသည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄၆ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့များ၏ ရပိုင်ခွင့်များ ပြဋ္ဌာန်းချက်တွင် ပိုမိုမှန်ကန်တိကျစေရန်အတွက် နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ် ထားသည့် စရိတ်နှင့် ခံစားခွင့်များကို ခံစားခွင့်ရှိသည် ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၄၈ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်သည့် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင် တစ်ဦးဦးအား တရားမကြောင်းဖြင့် ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့် ဖြစ်စေ တရားစွဲဆိုခြင်း မပြုရ ဟူသော စာသားကို ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင်ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင် တစ်ဦးဦးအား တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရ ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါသည်။

(ဇ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အခန်း(၁၄)၊ အထွေထွေအခန်းတွင် ပုဒ်မ ၅၁ အဖြစ် ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေ များနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည် ဟု အသစ်ထပ်မံဖြည့်စွက်သင့်ပါသည်။

(ဈ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၅၁၊ ပုဒ်မခွဲ(က)တွင် ဖော်ပြ ထားချက်နှင့် ပုဒ်မခွဲ(ခ)တွင် ဖော်ပြချက်တို့အစား ပိုမိုပြည့်စုံစေရန်အတွက် ပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)အဖြစ် တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း နှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည် ဟု လည်းကောင်း၊ ပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)အဖြစ် ကောင်စီသည် တာဝန်ခံ ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် လိုအပ်သော စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည် ဟု လည်းကောင်း ပြင်ဆင်သင့်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ပြည်သူ့လွှတ်တော်က အတည်ပြုထားသော ဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၈၊ ပုဒ်မ ၅၁ တို့ကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် ပုဒ်မ ၅၁၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ကို ပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အဖြစ် ပြောင်းလဲပြင်ဆင်ခြင်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ မနက်ဖြန်ကို အမျိုးသားလွှတ်တော် နားပါမယ်။ နားတဲ့အခါမှာ လွှတ်တော်ဆိုတာ ဒီလိုစုံညီအစည်းအဝေးရှိမှ လွှတ်တော်မဟုတ်ပါဘူး။ ကော်မတီအလိုက် အလုပ်လုပ်ကြရမှာ ဖြစ်ပါတယ်။ ဒီ အောက်တိုဘာ၊ နိုဝင်ဘာ လွှတ်တော်ကာလဆိုတာက နိုင်ငံတော်အစိုးရရဲ့ နောက်ဆက်တွဲဘဏ္ဍာငွေ၊ ရသုံးငွေစာရင်းကို ဆုံးဖြတ်ပေးဖို့၊ နိုင်ငံတော်အစိုးရဆီက မရသေးတဲ့အခါကျတော့ ကျွန်တော်တို့အနေနဲ့ အခုလိုစောင့်ပြီးတော့ မေးခွန်းတွေ၊ အဆိုတွေနဲ့အတူ စောင့်ပြီး၊ စောင့်ရင်းနဲ့ ဖြစ်တယ်။ အဲဒီတော့ မနက်ဖြန်မှာတော့ ဖွဲ့စည်းထားတဲ့ကော်မတီအသီးသီးက မိမိတို့ရဲ့ လုပ်ငန်းတာဝန်ဆိုင်ရာကို ဆောင်ရွက်ပါ။ တစ်ဆက်တည်း မနက်ဖြန် သောကြာဖြစ်တဲ့အတွက် သောကြာ၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာကျတော့မှ အမျိုးသားလွှတ်တော်စုံညီ (မနက်ပိုင်း)ခေါ်ပါမယ်။ နေ့လယ်ပိုင်းကို ပြည်ထောင်စုလွှတ်တော် ရှိနိုင်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့တော့ နည်းနည်း မေးခွန်းရဲ့ အဖြေတွေ နားထောင်ပြီး စိတ်၊ လက် မကြည်သာလို့ ပြောတာ၊ ဆိုတာ မာသွားရင်လည်း ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]